## ၆။အာဖရိကန်ခရုကြီး

**Giant African Land Snail: *Lissachatina fulica* (Bowdich, 1822)**

**Stylommatophora : Achatinidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



ခရုခွံပုံစံမှာ ကတော့ပုံစံရှိသည်။ ခရုခွံအရောင်မှာ အညိုဖျော့ရောင်ဖြစ်ပြီး အစာပေါ်မူတည်၍ အရောင်အမျိုးမျိုးရှိကြသည်။ အကောင်ငယ် စဉ်တွင် ခရုခွံ အညိုဖျော့ ရောင်ပေါ်တွင် အညို ရောင် နှင့် နီ့နစ်ရောင် တစ်လှည့်စီ ရစ်ပတ်လျှက်ရှိပြီး အကောင်ကြီး တွင်ရစ်ပတ်ထားသော အရစ် များသည် အပေါ်ပိုင်းတွင်သာ ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



ခရုငယ်များသည် အရည်ရွှမ်း သောအရွက်များနှင့် အညွန့်နုလေးများကို စားသောက်ဖျက်ဆီးသည်။ ယင်းခရုဆိုးရွားစွာကျရောက်သည့် စိုက်ခင်းများတွင် ပင်စည်များ ကျိုးကျပျက်ဆီး နေသည်ကို တွေ့ရသည်။

**ဘဝစက်ဝန်း**

ဥ အဆင့် **– (၁၇ )** ရက်

တွားသွားကောင် အဆင့် **– (၅–၁၅)** ရက်

အကောင်ကြီး အဆင့် **–(၅–၆)** နှစ်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဥမြုံနှင့် ခရုများကို လက်ဖြင့်ကောက်ယူဖျက်ဆီးပါ။

(၂)မျှားစာချပါ။ (သဘောရွက်၊နာနတ်ခွံ၊ဂေါ်ဖီရွက်၊ဖရဲခွံ)

(၃)စားသေအာနိသင်ရှိ ခရုသတ်ဆေး ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းသုံးပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- မက်တယ်လ်ဒီဟိုက် (Metaldehyde)
- နီကလိုဆမိုက် (Niclosamide)
- ကာဘာရိုင်း+ မက်တယ်လ်ဒီဟိုက်(Carbaryl+Metaldehyde)